**Landmark Development စီမံကိန်းများ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ထံမှ ရင်းနှီးမြှုပ်နှံခွင့်ရရှိခြင်း**

ဖတ်(စ်)မြန်မာအင်ဗက်(စ်)မဲ့(န်)ကုမ္ပဏီလီမိတက် ("ကုမ္ပဏီ" နှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီခွဲများ၊ "ကုမ္ပဏီအုပ်စု") ၏ ဒါရိုက်တာအဖွဲ့သည် (က) ဗိုလ်ချုပ်အောင်ဆန်းလမ်းပေါ်ရှိ mixed-use ဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းနှင့် (ခ) မြန်မာ့မီးရထားရုံးချုပ်ဟောင်းအား Peninsula Yangon Hotel အဖြစ် ဖော်ဆောင်ခြင်းတို့ကို စုပေါင်းခေါ်ဆိုအပ်သည့် Landmark Development စီမံကိန်းနှင့်ပတ်သက်၍ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ (၁၂)ရက်နေ့တွင် ထုတ်ပြန်ကြေညာချက်အား ရည်ညွှန်းလျက် အောက်ပါအတိုင်း ထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ဤ Landmark Development စီမံကိန်းနှစ်ခုစလုံးအား ရင်းနှီးမြှုပ်နှံခွင့်ပြုပြီးသောစာရင်း (၁/၂၀၁၇) တွင် အတည်ပြုထည့်သွင်းပြီးဖြစ်ပါကြောင်းကို အစုရှယ်ယာရှင်များအား ဝမ်းမြောက်စွာ အသိပေးတင်ပြအပ်ပါသည်။ ဤသို့ ပါဝင်ခြင်းသည် ကုမ္ပဏီနှင့် သက်ဆိုင်ရာအကျိုးတူမိတ်ဖက်များအကြား ချုပ်ဆိုထားသည့် သဘောတူညီချက်များအနက် အဓိကမှတ်တိုင် တစ်ခု ပြီးမြောက်ခြင်းဖြစ်ပါသည်။ ကုမ္ပဏီအနေဖြင့် Landmark Development စီမံကိန်းများအား ဤအကျိုးတူ မိတ်ဖက်များနှင့်အတူတကွ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

ဒါရိုက်တာအဖွဲ့၏အမိန့်အရ

ထွန်းထွန်း

အမှုဆောင်ဒါရိုက်တာ

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၁၃)ရက်။

**FIRST MYANMAR INVESTMENT CO., LTD.**
YSX Code 00001
FMI Centre, 10th Floor
380 Bogyoke Aung San Road
Yangon, Myanmar
Tel: (01) 240363
www.fmi.com.mm